

ယိင်း

# အစ်ကို

## 1

စာအုပ်အဖုံးပေါ်က ရထားလေးဟာ ခပ်ရေးရေးမြင်နေရတဲ့ တောင်ကုန်းတောင်တန်းတွေဆီ ဦးတည်ခုတ်မောင်းနေတယ် …

စာအုပ်ဆိုင် ကောင်တာရှေ့မှာရပ်ရင်း လက်ထဲကစာအုပ်လေးကို ကြည့်နေပေမဲ့ ကျွန်မစိတ်တွေက လွန်ခဲ့တဲ့ ၁၅မိနစ်လောက်ကမှ နှုတ်ဆက်ခဲ့တဲ့ အစ်ကို့ဆီမှာ။

မြေနီကုန်းရဲ့ အချက်ချာကျတဲ့နေရာက တော်တော်လေး သားနားကျယ်ဝန်းတဲ့ ပုဂ္ဂလိကတက္ကသိုလ် တစ်ခုမှာ ကျွန်မက ဒုတိယနှစ်ကျောင်းသူ။ ကျွန်မတို့ကျောင်းမှာ နေရာခဏငှားပြီး သင်တန်းလာပေးတဲ့ trainer အစ်ကိုနဲ့ ကျွန်မနဲ့ ခင်သွားတယ်ဆိုတာ သိပ်တော့မဆန်းပါဘူး။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် ဘယ်လိုက ဘယ်လိုစခင်လဲဆိုတာ တသသဖြစ်လောက်အောင် အဖြစ်ပျက်တွေက ထူးခြားမနေခဲ့ဘူး။ ကျွန်မမှတ်မိသလောက် NGO အဖွဲ့တစ်ခုက သင်တန်းတွေအတွက် ကျွန်မတို့ရဲ့စာသင်ခန်းတစ်ခန်းကို ၂လမှာ ၃ရက်၄ရက် တစ်ခါလောက် ငှားရတတ်တယ်။ အဲဒီအတန်းတွေမှာ counselling အကြောင်းသင်ပေးတဲ့ အစ်ကိုနဲ့နေရာတကာ စပ်စပ်စုစု ပါတတ်တဲ့ကျွန်မနဲ့ ဒီလိုပဲ တွေ့ရင်းကြုံရင်း ခင်သွားတယ်ပေါ့။ ထမင်းစားချိန်တွေ နားချိန်တွေမှာ အစ်ကိုနဲ့ စကားစမြည်ပြောဖြစ်တာ တစ်နှစ်ကျော်လောက်ရှိပြီ။ အစ်ကိုက အေးချမ်းတယ်၊ တည်ငြိမ်တယ် ပြီးတော့ နှစ်လိုဖွယ်ကောင်းတယ်။ သူနဲ့စကားပြောနေရတဲ့အချိန်တွေဆို ကျွန်မစိတ်ထဲမှာ ပြောမပြတတ်အောင် လွတ်လပ်ပေါ့ပါးပြီး

ပျော်ရွှင်ရတယ်။ အစ်ကိုက ၁၈နှစ်အရွယ် ကျွန်မထက် ၄နှစ်၅နှစ်လောက်ကြီးတယ်ထင်တယ်။ ဒီထက်ပိုရင်တောင် ပိုဦးမှာ။ ကျွန်မကို ညီမလေးတစ်ယောက်လို ခင်ပုံရတဲ့သူ့ကို ကျွန်မကလည်း အစ်ကိုတစ်ယောက်လိုပဲ ခင်တယ်လို့ထင်ခဲ့တာ လွန်ခဲ့တဲ့၁၅မိနစ်က အထိပဲ။ ကျွန်မကအတန်းပြီး အစ်ကိုက အတန်းနားချိန် ကန်တင်းမှာ စကားပြောရင်း ကော်ဖီအတူသောက်၊ နောက်တော့ နှုတ်ဆက်ပြီး ပြန်လာခဲ့တာ။

အိမ်ပြန်ဖို့ ဘတ်စ်ကားမှတ်တိုင်ဆီ အေးအေးလူလူ လမ်းလျှောက်လာရင်း စောစောက အစ်ကိုနဲ့အတူ ရယ်ကာမောကာ စကားပြောခဲ့တာတွေကို စိတ်ထဲမှာ စားမြုံ့ပြန်ရင်း တွေးမိလိုက်တာ 'အစ်ကိုက ချစ်စရာကောင်းတယ်' လို့။ ရုတ်တရက် ကျွန်မခေါင်းထဲမှာ အသိတစ်ခု လက်ခနဲ ပေါ်လာတယ်။ ဟုတ်တယ် ကျွန်မအစ်ကို့ကို ချစ်နေတာပဲ။ အံ့ဩဖို့ ကောင်းလိုက်တာ။ ဘယ်တုန်းကတည်းက စချစ်မိနေမှန်းလဲ မသိဘူး .... အခု ကိုယ့်စိတ်ကိုယ် သိမယ့်သိပြန်တော့လည်း ဗြုန်းစားကြီးရယ် ... ဒါပေမဲ့ သေချာတာက ကျွန်မအစ်ကို့ကို သိပ်ချစ်နေတယ် ဆိုတာပါပဲ။ အဲဒီထက်ပိုလေးနက်တဲ့ စကားလုံးရှိရင် ကျွန်မယူသုံးချင်ပါတယ်။ အင်္ဂလိပ်လို ပြောရရင်တော့ admire ဖြစ်တယ်ပေါ့။

သူ့အတွက် လက်ဆောင်တစ်ခုခု ပေးချင်စိတ်ဖြစ်လာတဲ့ အတွက် မြေနီကုန်းcity martကိုသွားတယ်။ အစ်ကိုနဲ့ အမြဲမကွာရှိအောင် လတ်ပတ်ကြိုးလေး ပေးချင်ပေမဲ့ အဲဒီလိုဝတ်မယ့်ပုံ မပေါ်တာနဲ့ မဝယ်ဖြစ်ဘူး။ နောက်တော့ ကံကောင်းစွာနဲ့ Popular စာအုပ်ဆိုင်ကနေ (အခုတော့ 365 ဖြစ်သွားပြီ) notebook လှလှလေးတစ်အုပ်နဲ့ ဘောပင်လေးတစ်ချောင်း ဝယ်ပေးဖို့ပဲ ဆုံးဖြတ်လိုက်တယ်။ သူ့အတွက်လည်း အသုံးဝင်တယ်လေ။ အဲဒီ ရထားပုံ အဖုံးလေးနဲ့ စာအုပ်လေးကို အစ်ကို့အတွက် ဝယ်ခဲ့တယ်။

အပျင်းကြီးတဲ့ကျွန်မ ဒီနေ့တော့ အစ်ကို့ကို လက်ဆောင်ပေးစရာရှိတယ်ဆိုတဲ့အတွေးနဲ့ သွက်သွက်လက်လက် အိပ်ရာထတယ်။ ချစ်ရတဲ့သူ ရှိလာပြီဆိုတော့ ခါတိုင်းလို ပစ်စလက်ခတ် မနေချင်တော့ဘူး လှချင်လာတယ်။ ကျွန်မတို့ကျောင်းက အချောလှတွေပေါတယ်လို့ နာမည်ကြီးပေမဲ့ စိတ်မကောင်းစရာက အဲဒီထဲမှာ ဖြစ်သလိုဝတ်စားပြီး ပေပေတေတေ နေတတ်တဲ့ကျွန်မ မပါဘူးလေ။ အခုလည်း လှချင်တယ်ဆိုပေမဲ့ ကျွန်မရုတ်တရက်ပြောင်းလဲသွားတာကို အစ်ကိုရိပ်မိမှာကျ မလိုလားပြန်ဘူး။ နာရီဝက်လောက် မှန်ရှေ့မှာ ကိုယ့်စိတ်နဲ့ကိုယ် ရန်ဖြစ်အပြီးမှာ ဝတ်နေကျစတိုင်ဖြစ်တဲ့ တီရှပ်နဲ့ ဂျင်းဘောင်းဘီအစား အဖြူရောင်ဂါဝန်လေးက ကိုယ်ပေါ်ရောက်လာတယ်။ မျက်နှာပြောင်နဲ့ အပြင်ထွက်နေကျပေမဲ့ ဒီနေ့တော့ နှုတ်ခမ်းနီလေး ဆိုးဖြစ်တယ်။ အဲဒီညတုန်းက အစ်ကိုကျွန်မကို မကြည့်ဖို့ပြောပြီး ဖုန်းခဏပေးဖို့တောင်းတယ်။ ပြီးရင်တော့ ကိုယ့်ဖုန်းနံပါတ်ကို သိမ်းပေးလိုက်တယ်။ ပြီးတော့ ဘာလိုက်ပြောလဲဆို ...

နှုတ်ရည်တွေ ဘာတွေလဲလိမ်းလို့ ... လှချင်တာကိုး။

ဧနာရီခွဲ ကျွန်မကျောင်းရောက်တဲ့အချိန် အစ်ကိုတို့အတန်းက စနေခဲ့ပြီ။ အတန်းတက်ပြန်တော့လည်း ကျွန်မမှာ စိတ်မဖြောင့်ပါဘူး။ အစ်ကိုနဲ့ break time မှာတွေ့မှ တွေ့ရပ့ါမလားရယ်လို့လေ ...။ ထင်တဲ့အတိုင်းပဲ ... အရစ်ရှည်တဲ့ သူငယ်ချင်းရဲ့ မေးခွန်းတွေကို ဆရာက ပြန်ဖြေပေးနေတာနဲ့ ကျွန်မတို့break timeရတဲ့အချိန် အစ်ကိုတို့အတန်းက စာပြန်သင်နေခဲ့ပြီ။ ဒီနေ့အဖို့တော့ အစ်ကိုနဲ့အတူ မနက်စာ မစားရတော့ဘူးပေ့ါ။ နေ့လယ်တော့ သေချာတွေ့ပြီး ပေးဖြစ်အောင်ပေးမယ်လို့ အားခဲရင်း စာကိုမနည်းစိတ်ဝင်စားအောင် ကြိုးစားနေရတယ်။ ခက်တယ် အစ်ကိုရယ် ...

ကံကောင်းစွာနဲ့ ဆရာက စောစောအတန်းဆင်းပေးလို့ ကျွန်မသွက်သွက်လက်လက်ပဲ စာသင်ခန်းထဲက ထွက်လာတယ်။ အစ်ကိုတို့အတန်းလည်း ပြီးသွားပြီ။ ဖွင့်ထားတဲ့ တံခါးပေါက်ကနေ လှမ်းကြည့်တော့ စာသင်ခန်းထဲမှာ သူ့တပည့်တချို့နဲ့ စကားမပြတ်သေးတဲ့ အစ်ကို့ကို တွေ့ရတယ်။ အခန်း

ရှေ့ကခုံမှာ ခဏထိုင်စောင့်ရင်း အစ်ကို့အတွက် လက်ဆောင်လေးကို အိတ်ထဲကထုတ်လိုက်တယ်။

ရိပ်ခနဲ ...

အနက်ရောင်မြန်မာဝတ်စုံ ဝမ်းဆက်လေးနဲ့ မမတစ်ယောက် အနားက ဖြတ်သွားတာ တွေ့လိုက်ရတယ်။

ချောလိုက်တာ ... မျက်နှာသွယ်သွယ် နှုတ်ခမ်းဖူးဖူးလေးနဲ့။ ဆံပင်နက်နက်လေးတွေကလည်း ခါးအထိရှည်လျားလို့။ အနက်ရောင် အင်္ကျီလက်ပြတ်လေးက လက်မောင်းလေးကို ပိုပြီးဖြူဝင်းစေသလိုပဲ။ အချိုးဆစ်ကျနတဲ့ ကိုယ်လုံးကိုယ်ပေါက်လေးရယ် ... ဘာဆိုဘာမှ အပြစ်ပြောစရာမရှိအောင် လှတဲ့ မမက တစ်စုံတစ်ယောက်ကို ရှာနေပုံပဲ။ ကျွန်မစိတ်ထဲ ထင့်သွားတယ်။ အစ်ကို့ကို လာရှာတာများလား။ မဟုတ်ပါစေနဲ့ အစ်ကိုညွှ့်သည် မဖြစ်ပါစေနဲ့။

ကျောင်းမှာရှိသမျှ လူအကုန်နီးပါး မျက်မှန်းတန်းမိတဲ့ကျွန်မ အဲဒီမမက သင်တန်းသူမဟုတ်ပဲ ဧည့်သည်ဆိုတာ သိနေတယ်လေ။

ကျွန်မဆုတောင်း မပြည့်ခဲ့ပါဘူး။ မမလှလှလေးက အစ်ကိုတို့စာသင်ခန်းထဲ ဝင်သွားတယ်၊ အစ်ကို့ရယ်သံနဲ့ စကားပြောသံ သဲ့သဲ့ကြားတယ်။ မကြာလိုက်ပါဘူး ... အစ်ကိုအပြင်ထွက်လာတယ် မမလှလှလေးက အစ်ကို့ဘေးမှာ အတူတွဲလို့ပေါ့။ စကားတွေဖောင်ဖွဲ့နေတဲ့ အစ်ကိုက သူ့အခန်းရှေ့မှာ ထိုင်စောင့်နေတဲ့ ကျွန်မကို မမြင်ခဲ့ဘူးလေ...

သူတို့၂ယောက် ဓာတ်လှေကား စောင့်နေတဲ့အချိန်မှာ ကျွန်မဘက်ကို ကျောပေးထားတဲ့ မမမျက်နှာကို မမြင်ရပေမဲ့ မျက်နှာချင်းဆိုင်ဘက်က အစ်ကိုကတော့ သူမကိုရွှန်းလဲ့တဲ့ မျက်ဝန်းတွေနဲ့ ပြုံးပြီးကြည့်နေတာ ကျွန်မလှမ်းမြင်နေရတယ်။

သူစိမ်းအမျိုးသားတစ်ယောက် အလုပ်လုပ်တဲ့ နေရာအထိ တကူးတက နေ့လယ်စာ အတူလာစားတဲ့ အမျိုးသမီးတို့ကြားက ပတ်သက်မှုဟာ အထွေထူးတွေးစရာမှ မလိုတာပဲ။ ခက်တာက ဒီလို အသက်အရွယ်၊ ယောက်ျားပီသတဲ့ ရုပ်ရည်၊ အလုပ်အကိုင်၊ တည်ငြိမ်မှုမျိုးနဲ့ အစ်ကို့မှာ သိပ်ကိုလိုက်ဖက်တဲ့ ချစ်သူတစ်ယောက် ရှိနေနိုင်မယ်လို့ မတွေးမိခဲ့လောက်အောင် ကျွန်မဟာ နုံချာညံ့ဖျင်းလွန်းနေခဲ့တာပါပဲ

အစ်ကိုဟာ ကျွန်မအတွက် ဖြစ်ရပါစေရဲ့လို့ မမျှော်လင့်ခဲ့ပေမဲ့ ကျွန်မကတော့ အစ်ကို့အတွက် ဖြစ်ချင်ခဲ့တယ် အစ်ကို ...

ကျွန်မလက်ဖဝါးတွေ နာလာတာ သတိထားမိတဲ့ အချိန်မှာ လက်ထဲမှာကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ စာအုပ်လေးက တွန့်ကြေနေခဲ့ပြီ။ အဖုံးပေါ်က ရထားလေးကတော့ မှိန်ပျပျလေးမြင်နေရတဲ့ တောင်တန်းတွေဆီ ခုတ်မောင်းနေတုန်းပဲ။

***